# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

December 6, 2019 Volume 26, Number 5

၆.၁၂.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၇၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၈၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၅/- ကျပ် |
| CBM Rate | = ၁၅၀၁.၇ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၆၇.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၄.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၀.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၂.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၈.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၃.၄၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၀၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၆.၃၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၁.၀၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၄၈၈ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## အသက်အာမခံလုပ်ငန်းအတွက် AIA က ရေဝတီဘဏ်နှင့်ပူးပေါင်းဆောင်ရွက်မည်




ဟောင်ကောင်အခြေစိုက်အာမခံလုပ်ငန်း AIA က အသက်အာမခံလုပ်ငန်း အတွက် AYA ဘဏ္ဍာရေးလုပ်ငန်းစုနှင့် မက်စ် (မြန်မာ) တို့ ပူးပေါင်းဆောင်ရွက်မည်ဟု ဒီဇင်ဘာ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။ ထိုသို့ပူးပေါင်းဆောင်ရွက်ခြင်းသည် AIA ၏အသက်အာမခံလက်မှတ်များကို ရေဝတီဘဏ်နှင့် မက်စ် (မြန်မာ) တို့က ရောင်းချပေးရမည်ဖြစ်သည်။ "AIA က ကျွန်တော်တို့လုပ်ငန်းစုကွန်ရက်ကို အသုံးပြုပြီးလုပ်ငန်းတွေချဲ့ထွင်တာပါ" ဟု AYA ဘဏ္ဍာရေးလုပ်ငန်းစုနှင့် မက်စ် (မြန်မာ) တို့၏ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအကြီးအကဲ ဦးအောင်မျိုးစောက ပြောသည်။ အာမခံကုမ္ပဏီများ လိုင်စင်ရရှိပြီးနောက် အာမခံကုမ္ပဏီနှင့်ဘဏ်အကြား ပထမဆုံးအကျိုးတူပူးပေါင်းမှုဖြစ်သည်ဟု နှစ်ဖက်ကုမ္ပဏီများကထုတ်ပြန်သည်။ မြန်မာနိုင်ငံတွင် AIA ကို ရာ နှုန်းပြည့်အသက်အာမခံလုပ်ကိုင်ခွင့်လိုင်စင်ကို နိုဝင်ဘာ ၂၈ ရက်တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနက တရားဝင်ထုတ်ပေးခဲ့သည်။ AYA ဘဏ္ဍာရေးလုပ်ငန်းစု၏ လက်အောက်ခံ AMI အာမခံလုပ်ငန်းသည် အထွေထွေ အာမခံလုပ်ငန်းကို ဂျပန် Japan Nipponkoa Insurance Inc ၏ လုပ်ငန်း Sompo Holdings ဖြင့် ပူးပေါင်းဆောင်ရွက်ရန် အစိုးရထံမှ လိုင်စင်ရထားသည်ဟုဆိုသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြီးခဲ့သည့်ဇန်နဝါရီ ၂ ရက်ကြေညာချက်အရ နိုင်ငံခြားကုမ္ပဏီများသည် အသက်အာမခံနှင့်အထွေထွေအာမခံလုပ်ငန်းဟူ၍ နှစ်မျိုး လုပ်ကိုင်ခွင့်ရမည်ဖြစ်သည်။ အသက်အာမခံတွင် ရွေးချယ်ခွင့်နှစ်ခုရှိပြီး တစ်ခုသည် နိုင်ငံခြားသားအာမခံကုမ္ပဏီအဖြစ် ၁၀၀ ရာခိုင်နှုန်းအပြည့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အခြားတစ်ခုသည် ပြည်တွင်း၌ကိုယ်စားလှယ်ရုံးဖွင့်လှစ်ထားသည့် နိုင်ငံခြား အာမခံကုမ္ပဏီနှင့် ပြည်တွင်းအသက်အာမခံကုမ္ပဏီတို့ ဖက်စပ်ဆောင်ရွက်နိုင်သည်။ အထွေထွေအာမခံတွင် နိုင်ငံခြားကုမ္ပဏီများကို ပြည်တွင်းကုမ္ပဏီများနှင့်သာ ဖက်စပ်လုပ်ကိုင်ခွင့်ပြုမည်ဖြစ်သည်။

**Source:** https://www.7daydaily.com/172823

## မြန်မာနိုင်ငံမှတရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိထားသည့် သစ်သီး(၄)မျိုးကို မူဆယ်-ရွှေလီနှင့်မိုင်းလား-တာလော့ဂိတ်(၂)ခုမှသာ တင်သွင်းခွင့်ပြုသည့်ကန့်သတ်ချက်အားဖယ်ရှား

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိထားသည့် သစ်သီးများအနက် သရက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ကုလားဇီးသီးစသည့် သစ်သီး(၄)မျိုးအား မူဆယ်-ရွှေလီနှင့်မိုင်းလား-တာလော့ ဂိတ်(၂)ခုမှသာ လက်ရှိတင်သွင်းခွင့်ပြုခဲ့ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China – GACC) အနေဖြင့် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့် ရရှိထားသည့် အဆိုပါ သစ်သီး(၄)မျိုးကို မူဆယ်-ရွှေလီနှင့် မိုင်းလား-တာလော့ ဂိတ်(၂)ခုမှသာ တင်ပြုခွင့်ပြုသည့် ကန့်သတ်ချက်အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်နေ့မှ စ၍ ဖယ်ရှားပေးပြီးဖြစ်ကြောင်းကို တရားဝင်ထုတ်ပြန်ခဲ့သည်။

**Source: ပေကျင်းမြို့ မြန်မာသံရုံး၊ စီးပွားရေးသံမှူး**

## ဒေါ်လာဈေး အနည်းငယ်ပြန်တက်

ပြည်တွင်းငွေကြေးဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုးသည် ဒီဇင်ဘာ ၅ ရက် ညနေဈေး ပိတ်ချိန်၌ တစ်ဒေါ်လာ ၁,၅၀၃ ကျပ်မှ ၁၅၀၅ ကျပ်အကြားသို့ အနည်းငယ်ပြန်တက်လာသည်။ ဒီဇင်ဘာ ၄ ရက်က တစ်ဒေါ် လာ ၁၄၉၈ ကျပ်အထိ ကျဆင်းပြီးနောက် ပြည်တွင်းဘဏ်အချို့ကဝင်ထိန်းသဖြင့် ဒေါ်လာဈေးအနည်းငယ်ပြန်တက်လာခြင်းဟု စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။ ပြည်တွင်းပုဂ္ဂလိကဘဏ်များက ဈေးနှုန်းတည်ငြိမ်ရန် ဈေးကွက်အတွင်း ဒေါ်လာရောင်းချမှုများရှိပြီး ကျပ် ၁၅၀၀ အောက်ကျဆင်းချိန်တွင် ဒေါ်လာအရောင်းလျော့သွားသဖြင့် ဈေးပြန်မြင့်လာခြင်းဟု ပြင်ပငွေလွှဲဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။ ပြည်တွင်းဈေးကွက်တွင် ဒေါ်လာတန်းဖိုးကျဆင်းမှုကြောင့် ဒီဇင်ဘာအတွင်း ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များထံမှ ဒေါ်လာ ၁၀ သန်းခွဲဝယ်ယူခဲ့သည်။ ဒီဇင်ဘာ ၂ ရက်ကစတင်ပြီး တစ်ရက်လျှင် ဒေါ်လာ သုံးသန်းကို ဈေးကွက်ပေါက်ဈေးဖြင့်ဝယ်ယူ၍ နိုဝင်ဘာ ၅ ရက်တွင် ဒေါ်လာတစ်သန်းခွဲ ထပ်မံဝယ်ယူသည်။ ဗဟိုဘဏ်က ဒေါ်လာ ဝယ်နေသော်လည်း ပြည်ပနိုင်ငံများမှ ကုန်ပစ္စည်းတင်သွင်းမှုအတွက် ငွေလွှဲပေးပို့မှုလျော့နည်းသဖြင့် ဈေးပြန်ကျ နိုင်ကြောင်း ငွေလွှဲဝန်ဆောင်မှုလုပ်ကိုင်သူအချို့က ခန့်မှန်းသည်။

ပြည်တွင်းဈေးကွက်တွင် ဒေါ်လာတန်ဖိုးသည် နိုဝင်ဘာအတွင်း အမြင့်ဆုံးတစ်ဒေါ်လာလျှင် ကျပ် ၁၅၂၀ ကျော်သို့ တက်ပြီးနောက် ၁၅၁၅ ကျပ်ခန့်၌ ဈေး တည်ငြိမ်နေရာမှ ထပ်မံကျဆင်း ခြင်းဖြစ်သည်။ ဒေါ်လာတန်ဖိုးနှင့်အတူ ပြည်တွင်းရွှေဈေးသည် ဒီဇင်ဘာ ၅ ရက်တွင် တစ်ကျပ်သားလျှင် ကျပ်ဆယ့်တစ်သိန်းရှစ်သောင်း ခြောက်ထောင်သို့မြင့်တက်သည်။ ဒီဇင်ဘာ ၂ ရက်တွင် ရွှေ တစ်ကျပ်သားလျှင် ကျပ်ဆယ့်တစ်သိန်းခုနစ်သောင်းနှစ်ထောင့်ငါးရာသာဈေးရှိသည်။ ရွှေဈေးသည် သုံးရက်အတွင်း တစ်ကျပ်သားလျှင် ကျပ် ၁၃၅၀၀ ဈေးမြင့်တက်သည်။

**Source:** https://www.7daydaily.com/172821

## အိန္ဒိယနိုင်ငံဘက်က ဒီဇင်ဘာလဆန်းအတွင်း မတ်ပဲနှင့်ပဲစင်းငုံဝယ်ယူမှုမရှိသောကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်မဖြစ်



အိန္ဒိယနိုင်ငံဘက်မှ နိုဝင်ဘာက ဝယ်ယူမှုများခြင်းကြောင့် ဈေးကောင်းပြန်ရနေပြီး ဒီဇင်ဘာ၌ ဝယ်ယူမှုမရှိခြင်းကြောင့် မတ်ပဲနှင့် ပဲစင်းငုံဈေးတို့သည် ဈေးကျဆင်းနေပြီး မန္တလေးပဲဈေးကွက်တွင် အရောင်းအဝယ်မဖြစ်ဟု မန္တလေးမြို့ ပဲကုန်သည်များထံကသိရသည်။ အိန္ဒိယဘက်မှ ဒီဇင်ဘာလ လက်ရှိအချိန်ထိ အဝယ်မရှိခြင်းနှင့် သို့လှောင်ရောင်းချသူများကလည်း ဝယ်ယူရောင်းချခြင်းမရှိခြင်းကြောင့် မန္တလေးပဲဈေးကွက်မှာ မတ်ပဲနှင့်ပဲစင်းငုံ အရောင်းအဝယ်အေးနေပြီး ဈေးကျဆင်းနေသည်ဟု မန္တလေးမြို့မှ ပဲကုန်သည်ဦးစိုးဝင်းမြင့်ကပြောကြားသည်။

“မန္တလေးဈေးကွက်ထဲ မတ်ပဲက အောက်တိုဘာလတုန်းက အိန္ဒိယ ဝယ်လက်စျေးကြောင့် ၈၀၀၀၀ ဈေးကနေ တစ်ဟုန်ထိုး တက်သွားတာ သုံးတင်းတစ်အိတ်ကို ၁၁၁၈၀၀ ဈေးအထိရှိသွားတယ်။ ပဲစင်းငုံဈေးကလည်း ၉၀၀၀၀ လောက်အထိ ဖြစ်သွား တယ်။ အခုရက်ပိုင်း ဒီဇင်ဘာမှာ အိန္ဒိယကအဝယ်ရပ်သွားတာကြောင့် မန္တလေးဈေးကွက်မှာ မတ်ပဲဈေးကျသွားတယ်။ ဘယ်လောက်ရှိသွားလဲဆိုတော့ ယနေ့ကိုးသောင်းဈေးဆိုတော့ တစ်အိတ်နှစ်သောင်းကျော်လောက် ပြုတ်ကျသွားတယ်။ ပဲစင်းငုံဈေးလည်း ရှစ်သောင်းဈေးကနေ ခုနစ်သောင်းခွဲဈေးပဲရှိတော့တယ်။ ပဲစင်းငုံဈေးက ၂၀၁၈ ခုနှစ်က အခြေအနေက ဆိုးဝါးခဲ့တယ်။ စပေါ်ပေါ်ချင်းကို လေးသောင်း ဈေးပဲရှိတယ်။ ပြီးခဲ့တဲ့နှစ်က ဒီအချိန်မှာ ငါးသောင်းဈေးလောက်ပဲရှိတယ်။ အိန္ဒိယက ပြန်ဝယ်တာကြောင့် ဈေးပြန်တက်ခဲ့ရတယ်။ မတ်ပဲဈေး ပြီးခဲ့တဲ့နှစ် ပေါ်ဦးပေါ်ဖျားက ငါးသောင်းလောက်ဈေးရှိပြီး ကာလတူ အခုချိန်လောက်ကြ ခြောက်သောင်းဈေးရှိခဲ့တယ်။ ပြီးခဲ့တဲ့နှစ်အနေအထားအရဆို ဈေးကောင်းရတယ်လို့ ပြောလို့ ရတယ်။ ၂၀၁၉ ပဲရာသီအစမှာ ပဲစင်းငုံက ခြောက်သောင်းဈေးနဲ့ စဖွင့်ခဲ့တယ်။ မတ်ပဲဈေးက ခုနစ်သောင်းခွဲဈေး စဖွင့်ခဲ့တယ်။ ယခုလက်ရှိဈေးပေါက်နေတော့ ဈေးအရမ်းကြီး ထိခိုက်မှုမရှိဘူးလို့ ပြောလို့ရပါတယ်။ ပေါ်ကာစအချိန်ဈေးနဲ့ယှဉ်ရင် ကောင်း တယ်လို့ ပြောလို့ရပါတယ်” ဟု ဦးစိုးဝင်းမြင့်ကပြောကြားသည်။

မြန်မာ့ပဲမျိုးစုံ၏ ပြည်ပဈေးကွက်မှာ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ မလေးရှား၊ အင်ဒိုနီးရှား၊ နီပေါ၊ ဒူဘိုင်း၊ ဂျပန်၊ တရုတ် (တိုင်ပေ)၊ ဥရောပနိုင်ငံများရှိနေပြီး ပဲမျိုးစုံဈေးကွက်၏ အများစုကို အိန္ဒိယနိုင်ငံက ဝယ်ယူနေသည်။ အိန္ဒိယ ဘက်မှ အဝယ်များလျှင် ဈေးကွက်ကောင်းနေပြီး အဝယ်မရှိပါက ပဲစိုက်ပျိုးမှုနှင့် ပဲဈေးကွက်ကို ထိခိုက်ခဲ့မှုရှိကြောင်း၊ ယခုလည်း ဝယ်လိုက်၊ မဝယ်လိုက်၊ ဈေးကွက်ကောင်းလိုက်၊ ဈေးကွက်ပျက်လိုက်နှင့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံပဲမျိုးများသည် ဈေးကွက်ချိန်ဆ၍ တောင်သူများက စိုက်ပျိုးနေကြကြောင်းသိရသည်။

**Source:** https://news-eleven.com/article/148538

## လက်ရှိဘဏ္ဍာနှစ် နှစ်လအတွင်း သီလဝါအထူးစီးပွားရေးဇုန်တွင် ဒေါ်လာ ၁၅ သန်းကျော်ခွင့်ပြုမှုနှင့်အတူ မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁ ဒသမ ၃၉ ဘီလျံကျော်ဝင်ရောက်




လက်ရှိဘဏ္ဍာနှစ် နှစ်လအတွင်း သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုပမာဏဒေါ်လာ ၁၅ သန်းကျော် ဝင်ရောက်မြှုပ်နှံမှုနှင့်အတူ မြန်မာနိုင်ငံသို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ ၁ ဒသမ ၃၉ ဘီလျံကျော် ဝင်ရောက်မြှုပ်နှံထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် MIC မှသိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် MIC ၏ အစည်းအဝေး အမှတ်စဉ် (၁၉/ ၂၀၁၉) ကို နိုဝင်ဘာ ၂၉ ရက်က ကျင်းပခဲ့ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်းသုံးခု၊ အတည်ပြုလုပ်ငန်း သုံးခု စုစုပေါင်းခြောက်ခု ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်းသုံးခု၊ အတည်ပြုလုပ်ငန်းတစ်ခုနှင့်ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းနှစ်ခု ခွင့်ပြုပေးခဲ့ကြောင်းသိရသည်။

အဆိုပါအစည်းအဝေးကာလအတွင်း စုစုပေါင်းလုပ်ငန်းခြောက်ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၈၅၇ ဒသမ ၂၉၀ သန်းကို ခွင့်ပြု/ အတည်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပေါင်း ၃၀၁၈ ဦးကို ဖန်တီးပေးမည်ဖြစ်သည်။ ခွင့်ပြု/အတည်ပြုလုပ်ငန်းခြောက်ခုမှာ လျှပ်စစ်ကဏ္ဍမှနှစ်ခု၊ အိမ်ယာ အဆောက်အအုံကဏ္ဍမှတစ်ခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍမှတစ်ခုနှင့်စက်မှုကဏ္ဍမှနှစ်ခုဖြစ်သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၁ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၃၅၃ ဒသမ ၅၇၂ သန်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာ ၁၃၇၇ ဒသမ ၄၂၆ သန်းဖြစ်သည်။

အထူးစီးပွားရေးဇုန်ဥပဒေအရ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက် မှ နိုဝင်ဘာ ၂၉ ရက်အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၅ ဒသမ ၂၀၃ သန်း ဖြစ်သည်။ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ စုစုပေါင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၃၉၂ ဒသမ ၆၂၉ သန်းဖြစ်သည်။ နှစ်ပေါင်း ၃၀ နှစ်အတွင်း မြန်မာနိုင်ငံအတွင်းသို့ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ၊ အိမ်ခြံမြေကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းကဏ္ဍ၊ သတ္တုတွင်းကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုဇုန်လုပ်ငန်းကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍစသည့်ကဏ္ဍ ၁၁ ခုသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဓိကဝင်ရောက်ထားခြင်းဖြစ်သည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းပမာဏ၏ ၂၇ ရာခိုင်နှုန်းကျော်ဖြင့် အများဆုံးလာရောက် ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းပမာဏ၏ ၂၅ ရာခိုင်နှုန်းကျော်ဖြင့် ဒုတိယအများဆုံးဖြစ်သည်။ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းပမာဏ၏ ၁၄ ရာခိုင်နှုန်းကျော်ဖြင့် တတိယအများဆုံးဖြစ်သည်။ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍသည် စတုတ္ထအများဆုံးဖြစ်သည်။

**Source:** https://news-eleven.com/article/148522

## စတော့အိတ်ချိန်း စာရင်းဝင်မည့်ကုမ္ပဏီများကို အခွန်သက်သာခွင့်ပေးရန်စီစဉ်နေ




ရန်ကုန်စတော့အိတ် ချိန်းစာရင်းဝင်မည့် ကုမ္ပဏီများကို အခွန်သက်သာခွင့် (သို့မဟုတ်) အခွန်ကင်းလွတ်ပေးရန် စီစဉ်နေကြောင်း ငွေသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးငွေးချွန်က ပြောသည်။ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီတိုးပွား လာရေး ဆောင်ရွက်ခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။ "ဆွဲဆောင်မှုပေးတဲ့အနေနဲ့ပေါ့။ Listed (စတော့အိတ်ချိန်း စာရင်းဝင်) ကုမ္ပဏီဖြစ်ရင် စာရင်းလိမ်လို့ မရတော့ဘူး။ အခွန်အပြည့်အဝ မပေးလို့မရတော့ဘူး။ နိုင်ငံတော်ကလည်း အားပေးရာရောက်ပါတယ်"ဟု ဦးငွေးချွန်ကဆိုသည်။ လက်ရှိတွင် ကော်ပိုရိတ်လုပ်ငန်းများအတွက် ကုမ္ပဏီအမြတ်ခွန် သက်သာခွင့်ကို လက်ရှိ ၅ ရာခိုင်နှုန်း လျှော့ပေးထားပြီး ၂၀ ရာခိုင်နှုန်းသာ အခွန်ဆောင်ရသည်။ ထပ်မံလျှော့ခြင်း ဖြစ်နိုင်ပြီး (သို့မဟုတ်) စာရင်းဝင်ကုမ္ပဏီဖြစ်ပါက အချိန်ကာလအလိုက် ၂ နှစ်မှ ၃ နှစ်အတွင်း အခွန်သက်သာခွင့် ပေးရန် စီစဉ်ခြင်းဖြစ်သည်ဟု ဦးငွေးချွန်ကဆိုသည်။

စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများသည် စည်းကမ်းလိုက်နာရသည့် အချက်အလက်များနေ၍ အလားအလာရှိသော လုပ်ငန်းများ စတော့အိတ်ချိန်းဝင်လာရန် ဆွဲဆောင်ခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။ လက်ရှိ ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်အများပိုင်ကုမ္ပဏီငါးခုရှိပြီး ထပ်မံဝင်ရန်စီစဉ်ထားသည့် ကုမ္ပဏီသုံးခုနှင့် ဝင်ရောက်ရန်အလားအလာရှိသည့် ကုမ္ပဏီနှစ်ခုရှိသည်ဟုဆိုသည်။

**Source:** https://www.7daydaily.com/172822

## ဗဟိုဘဏ်က စျေးပြိုင်လေလံဖြင့် ဒီဇင်ဘာလ ၄ ရက်နေ့အထိ ဒေါ်လာ ၉ သန်းဝယ်ယူ

ဗဟိုဘဏ်က ဒီဇင်ဘာ ၄ ရက်နေ့အထိ စျေးကွက်အတွင်း အမေရိကန် ဒေါ်လာ ၉ သန်း ဝယ်ယူခဲ့ကြောင်း ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရသိရသည်။ "ဒီလိုဝယ်တာက စျေးကွက်အတွင်း စျေးနှုန်းလိုအပ်ချက်တွေကို လိုက်ထိန်းနိုင်အောင်ဝယ်ယူတာပါ။ စီးပွားရေးအရ အကျိုးအမြတ်အတွက် ဝယ်ယူတာမဟုတ်ဘူး" ဟု ဗဟိုဘဏ်မှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။ အဆိုပါလေလံဝယ်ယူခြင်းအတွက် ပျမ်းမျှငွေလဲလှယ်နှုန်းထားမှာ တစ်ဒေါ်လာလျှင် ကျပ် ၁၅၀၃ ကျပ်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ဗဟိုဘဏ်ထံမှသိရသည်။ လက်ရှိ အမေရိကန်ဒေါ်လာပေါက်စျေးသည် တစ်ဒေါ်လာလျှင်

မြန်မာငွေ ၁၅၀၄ ကျပ်ဖြစ်ပြီး တစ်ပတ်အတွင်း ကျပ် ၁၅၁၅ ကျပ်မှ တဖြည်းဖြည်းကျဆင်းခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံခြားငွေလဲလှယ်ရေး ကောင်တာစာရင်းများအရသိရသည်။

ဗဟိုဘဏ်သည် ပြည်တွင်းငွေလဲလှယ်နှုန်းထားများ တည်ငြိမ်မှုရှိစေရန် ပြင်ပဈေးကွက်ရှိ အမေရိကန်ဒေါ်လာများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူလျက်ရှိပြီး ဒီဇင်ဘာလ ၂ ရက်နှင့် ၃ ရက်နေ့တို့တွင်လည်း ဒေါ်လာ ၆ သန်းခန့်ဝယ်ယူခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်စာရင်းများအရ သိရသည်။

**Source:** [The Voice](https://news.ydnp.net/314858/)

https://news.ydnp.net/314858/

## မြေလတ်ဒေသမြို့နယ်များတွင် ဆောင်းကြက်သွန် စတင်စိုက်ပျိုးနေပြီး ကြက်သွန်ပေါ်ချိန် ယခင်နှစ်များထက် ဈေးကောင်းရရန်မျှော်လင့်နေ

မြေလတ်ဒေသမြို့နယ်များတွင် ဆောင်းကြက်သွန်များ စတင်စိုက်ပျိုးနေပြီး ကြက်သွန်ပေါ်ချိန် ယခင်နှစ်များကထက် ဈေးကောင်းရရန် မျှော်လင့်နေကြောင်းသတင်းရရှိသည်။ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၊ သရက်မြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်၊ တောင်တွင်းကြီးမြို့နယ်များတွင် ဆောင်းကြက်သွန်များ စတင်စိုက်ပျိုးနေပြီး ယခင်နှစ်က တောင်သူများထံမှ ကြက်သွန်ပေါ်ချိန် တစ်ပိဿာလျှင် ကျပ် ၄၀၀ ခန့်သာ ဈေးရရှိခဲ့သဖြင့် အရှုံးပေါ်ခဲ့ပြီး ယခုနှစ်ဆောင်းကြက်သွန်ပေါ်ချိန် ဈေးကောင်းရရန် တောင်သူများ မျှော်လင့်နေကြောင်းသိရသည်။ “ကြက်သွန်ဈေးက အခုကသာ တစ်ပိဿာ ၂၀၀၀ ကျော်ရှိနေတာ။ ဆောင်းကြက်သွန်ပေါ်ရင် တစ်ပိဿာ လေးငါးရာဖြစ်သွားတာ။ ပြီးခဲ့တဲ့နှစ်ကဆို တစ်ပိဿာလေးရာနဲ့ ရောင်းခဲ့ရတာ။ တောင်သူတွေ ရှုံးတယ်။ အနည်းဆုံး ကြက်သွန်တစ်ပိဿာ ၁၀၀၀ လောက်ရောင်းရရင်ကိုပဲ တွက်ခြေကိုက်တယ်။

ကြက်သွန်က မျိုးစေ့ဝယ်ပျိုးရတာ မျိုးစေ့တစ်ပုလင်းကို ကျပ်နှစ်သောင်းလောက်ရှိတယ်။ တစ်ဧကဆိုရင် လေးပုလင်းလောက်ပျိုးရတယ်။ အလုပ်သမားခကလည်း ကြီးကကြီးနဲ့ ကြက်သွန်တစ်ဧကကို စိုက်ပျိုးစရိတ် ကျပ်သုံးသိန်းနဲ့ အထက်မှာရှိတယ်။ မနှစ်က ဈေးအတိုင်းဆို အခုနှစ်ရှုံးဦးမှာပဲ” ဟု အောင်လံမြို့နယ် ရွှေညောင်ပင်ကျေးရွာက ဒေသခံတောင်သူတစ်ဦးက ပြောကြားသည်။ ပြီးခဲ့သည့်နှစ်များကလည်း ဆောင်းကြက်သွန်ခင်းများ၌ ရောဂါပိုးများကျရောက်ခဲ့၍ ကြက်သွန်ခင်းများ ပျက်စီးခဲ့ကာ တောင်သူများ အရှုံးပေါ်ခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/148536

## စပါးလက်ကျန် များပြားမှုကြောင့် စပါးဈေးကျဆင်းခြင်းကို ထိန်းကျောင်းနိုင်ရန်လိုအပ်ပါက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ ပြည်ပသို့ စပါးတန်ချိန် ငါးသိန်းအထိ တင်ပို့ခွင့်ပြုမည်

စပါးလက်ကျန် များပြားမှုကြောင့် စပါးဈေးကျဆင်းခြင်းကို ထိန်းကျောင်းနိုင်ရန်လိုအပ်ပါက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ ပြည်ပသို့စပါးတန်ချိန် ငါးသိန်းအထိတင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။ ဒီဇင်ဘာ ၅ ရက်က နေပြည်တော်တွင် ပြုလုပ်သည့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးတွင် အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားခဲ့ခြင်းဖြစ်သည်။ ပြည်တွင်း၌ စပါးလက်ကျန်များပြားမှုကြောင့် ဈေးနှုန်းကျဆင်းခြင်းကို ထိန်းကျောင်းနိုင်ရန် လုံးသွယ်အမျိုးအစားစပါးကို စပါးအတိုင်း ပြည်ပသို့တင်ပို့ရောင်းချခွင့်ကိုလည်း ၂၀၁၉ ခုနှစ် အောက်တိုဘာမှ ဒီဇင်ဘာအထိ တင်ပို့ခွင့်လိုင်စင်ခွင့်ပြုပေးမည်ဖြစ်ပြီး တန်ချိန်နှစ်သိန်းမှ စတင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက်အပြီး တင်ပို့ရန်နှင့်လိုအပ်ပါက တန်ချိန်ငါးသိန်းအထိ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

ထို့ပြင် စပါးဝယ်ယူရန်လိုအပ်လာပါက နိုင်ငံတော်မှ လှည့်ပတ်ရန်ပုံငွေကျပ် ၁၅ ဘီလျံကို သုံးစွဲခွင့်ပြု ထားကြောင်း၊ သက်ဆိုင်ရာစပါး၊ ဆန်ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့များအနေဖြင့် ဒေသအတွင်းစပါးဝယ်ယူရန် လိုအပ် ပါက လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြဆောင်ရွက်သွားနိုင်ရေးအတွက် နေပြည်တော်ကောင်စီ နယ်မြေဥက္ကဋ္ဌ၊

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက ကြီးကြပ်ဆောင်ရွက်ပေးရန်တိုက် တွန်းလိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ၏ အဓိကသီးနှံဖြစ်သည့် ဆန်၊ စပါး ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ပဝယ်လိုအားကျဆင်းခြင်းကြောင့် အခြေခံရည်ညွှန်းစပါးဈေးနှုန်းထုတ်ပြန်ပေးရန် လိုအပ်ချက်ကြောင့် ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာသုံးသပ် အကြံပြုတင်ပြရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီး ထုတ်လုပ်မှုကုန်ကျ စရိတ်တွက်ချက် သုံးသပ်စေ၍ ၂၀၁၉-၂၀၂၀ ခုနှစ်အတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ကျပ်ငါးသိန်းအဖြစ် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်သည် ဈေးကွက်ပေါက်ဈေးက အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်ကို ကျဆင်းနေပါက အခြေခံရည်ညွှန်းစပါးဈေးအတိုင်း ဝယ်ယူပေးခြင်းအားဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို မြှင့်တင်နိုင်ရန် ဖြစ်ကြောင်း ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

နေပြည်တော်တွင်ပြုလုပ်သည့် အစည်းအဝေးသို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဦးဆောင်အဖွဲ့ အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း နိုင်ငံတော်သမ္မတရုံးကထုတ်ပြန်သည်။

**Source:** https://news-eleven.com/article/148523

## ဆန္ဒပြပွဲတွေ ရှိနေသော်ငြား ကမ္ဘာ့ခရီးသွားများလည်ပတ်ရာ အများဆုံးမြို့အဖြစ် ဟောင်ကောင်ဆက်လက်ရပ်တည်နေမည်ဟုဆို



ဟောင်ကောင်ကတော့ ယခုနှစ် ၂၀၁၉ မှာလည်း ကမ္ဘာ့နံပါတ်တစ် ခရီးသွားတွေ အများဆုံးလည်ပတ်ရာမြို့အဖြစ် ဆယ်နှစ်ဆက်တိုက် ဆက်လက်ရပ်တည်နေနိုင်မှာ ဖြစ်တယ်ဆိုပြီး ဗြိတိန်အခြေစိုက် သုတေသနကုမ္ပဏီတစ်ခုက ထုတ်ပြန်ခန့်မှန်းလိုက်ပါတယ်။ ၂၀၁၉ ခုနှစ်ထဲမှာ ဒီမိုကရေစီလိုလားတဲ့ ဆန္ဒပြပွဲတွေနဲ့အတူ မတည်မငြိမ် ဖြစ်နေပေမယ့် ဟောင်ကောင်ကတော့ ကမ္ဘာပေါ်က ခရီးသွားလည်ပတ်ရာ အများဆုံးမြို့ဆိုတဲ့ ဂုဏ်ပုဒ်ကို ဆက်ထိန်းထားနိုင်ဖို့ရှိကြောင်း သုတေသနကုမ္ပဏီ Euromonitor International က ထုတ်ပြန်ပါတယ်။ ယခုနှစ် ဇူလိုင်နောက်ပိုင်း ဟောင်ကောင်မှာ ဆန္ဒပြပွဲတွေကြောင့် တရုတ်ခရီးသွားအများစုအပါအဝင် ကမ္ဘာလှည့်ခရီးသွား ဝင်ရောက်မှုလျော့ကျသွားမှုကို ဇူလိုင်မတိုင်ခင်တုန်းကခရီးသွားဝင်ရောက်မှု များပြားခဲ့ခြင်းနဲ့ ခုသာခံသာဖြစ်စေဖို့ ရှိတယ်လို့လည်း Euromonitor International က ခန့်မှန်းပါတယ်။

ယခုနှစ်မှာ ဟောင်ကောင်ကို ခရီးသွား ဝင်ရောက်မှု ၈ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းဖွယ် ရှိပြီး စုစုပေါင်း ဦးရေ ၂၆ ဒသမ ၇၁ သန်းခန့် လာရောက်လည်ပတ်မယ်ဆိုပြီး ယင်းသုတေသနကုမ္ပဏီက ခန့်မှန်းပါတယ်။ ဒါကြောင့် ဒုတိယနေရာမှာ ရှိနေတဲ့ ဘန်ကောက်မှာ ယခုနှစ်အတွင်း ခရီးသွားဝင်ရောက်မှု ၆ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ပြီး ခရီးသွားဦးရေ ၂၅ ဒသမ

၈၄ သန်း လာရောက်လည်ပတ်နိုင်တယ်ဆိုပေမယ့် ယင်းပမာဏကတော့ဟောင်ကောင်ကို ကျော်တက်နိုင်ဖို့မရှိဘူးလို့ Euromonitor က ခန့်မှန်းသွားခဲ့ပါတယ်။

**Source:** https://www.asiaone.com/.../hong-kong-still-top-spot-tourists...

SFJ Strategy First Journal

## သုတေသနလုပ်ငန်းတွေကို အမေရိကန်ကနေ ကနေဒါသို့ ပြောင်းရွှေ့လုပ်ကိုင်တော့မည်ဟု Huawei ကြေညာ

ကုမ္ပဏီရဲ့ တယ်လီကွန်မြူနစ်ကေးရှင်းဆိုင်ရာ သုတေသနတွေကို အမေရိကန်ကနေ ကနေဒါကို ပြောင်းရွှေ့အခြေချလုပ်ကိုင်တော့မယ်ဆိုပြီး တရုတ်နည်းပညာကုမ္ပဏီကြီး Huawei က ထုတ်ဖော်လိုက်ပါတယ်။ အဆိုပါကိစ္စနဲ့ပတ်သက်လို့ Huawei တည်ထောင်သူ Ren Zhengfei က ဒီဇင်ဘာ ၃ ရက်မှာပြုလုပ်တဲ့ အင်တာဗျူးတစ်ခုမှာ ပြောသွားတာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အမေရိကန်ရဲ့ တရားစွဲမှု၊ စီးပွားရေးဆန့်ရှင်ချမှုတို့နဲ့ ရင်ဆိုင်နေရချိန် ယခုလိုမျိုး Huawei ရဲ့ ဆုံးဖြတ်ချက်ထွက်ပေါ်လာတာလည်း ဖြစ်ပါတယ်။

ကုမ္ပဏီအနေနဲ့ မျိုးဆက်သစ် 5G ဆိုင်ရာ ထုတ်လုပ်မှုတွေလုပ်ဖို့ ဥရောပဒေသမှာ စက်ရုံသစ်တွေ တည်ဆောက်ဖို့ကိုပါ စဉ်းစားနေကြောင်း Huawei တည်ထောင်သူ Ren Zhengfei က Globe and Mail သတင်းစာနဲ့ တွေ့ဆုံစဉ် ပြောသွားပါတယ်။Huawei ရဲ့ ထုတ်ကုန်တွေကို တရုတ်အစိုးရက သူလျှိုလုပ်တဲ့နေရာမှာ အသုံးချနိုင်ကြောင်း သတိပေးပြီး ယင်းတရုတ်ကုမ္ပဏီရဲ့ ထုတ်ကုန်တွေကို ပိတ်ပင်ဖို့ ဝါရှင်တန်က ယင်းရဲ့ မဟာမိတ်တွေကို ဖိအားပေးနေလျက် ရှိပါတယ်။

Huawei to shift research from hostile US to Canada: Founder

**Source:** https://www.channelnewsasia.com/.../huawei-shift-research-us-...

SFJ Strategy First Journal

## စိုက်ပျိုးရေးဆေးသုံးမျိုး ပိတ်ပင်မည့်အစီအစဉ်ကို ထိုင်းအစိုးရရုပ်သိမ်း

ထိုင်းအစိုးရသည် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်သက်ရောက်မည့် လယ်ယာသုံး ဆေးဝါးသုံးမျိုး ပိတ်ပင်မှုအစီအစဉ်ကို နိုဝင်ဘာလ ၂၇ ရက်နေ့က ရုပ်သိမ်းလိုက်သည်။ ပါရာကွက်နှင့် ကလိုပိုင်ရီဖော့စ် ဆေးဝါးနှစ်မျိုးပိတ်ပင်မှုကို ကာလ ရွှေ့ဆိုင်းခဲ့ပြီး တတိယဆေးဝါးဖြစ်သော ဂလိုဖိုစိတ်ကိုမူ သုံးမြဲအတိုင်း ဆက်လက်သုံးစွဲသွားစေမည်ဖြစ်သည်။ အစီအစဉ်သည် ထိုင်းတောင်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် ထိုင်း၏ ကုန်စည် တင်သွင်းမှုအပေါ် ဆိုးရွားစွာ ထိခိုက်နိုင်သဖြင့် ပြည်တွင်း၊ ပြည်ပမှ ဝိုင်းဝန်းဆန့်ကျင်ရာမှ ယခုလို ပြောင်းလဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ ဘေးအန္တရာယ်ရှိပစ္စည်းများဆိုင်ရာကော်မတီက အောက်တိုဘာ ၂၂ ရက်တွင် အတည်ပြုခဲ့သော ၎င်းဆေးဝါး သုံးမျိုး ပိတ်ပင်ရေးအစီအစဉ်သည် ဒီဇင်ဘာလ ၁ ရက် တွင် စတင်သက်ရောက်ရမည်ဖြစ်သော်လည်း ယခုအခါ ကာလရွှေ့ဆိုင်းခဲ့သည်။ သို့သော် ကော်မတီက ထုတ်ပြန်မိန့်ကို ပယ်ဖျက်ကာ ပါရာကွက်နှင့် ကလိုပိုင်ရီဖော့စ် ပိတ်ပင်မှုအား ဖွန်လ ၁ ရက်အထိ ခြောက်လခန့်နောက်ဆုတ်ခဲ့ပြီး ဂလိုင်ဖိုစိတ်ကို လက်ရှိသတ်မှတ်ထားသော အမြင့်ဆုံးဓာတ်ကြွင်း ကန့်သတ်ချက်အတိုင်း ဆက်လက် သုံးစွဲခွင့်ပြုခဲ့သည်။ ပိတ်ပင်မှုအစီအစဉ်နှင့်စပ်လျဉ်း၍ ယခုလဆန်းပိုင်းက လူထုဆန္ဒကို ကောက်ခံခဲ့ရာ ၇၅ ရာခိုင်နှုန်းက အစီအစဉ်ကိုဆန့်ကျင်ကြောင်း ဆန္ဒပြခဲ့ကြသည်။ အကယ်၍ အစီအစဉ်ဖော်ဆောင်ခဲ့ပါက သက်ဆိုင်ရာ ဆေးဝါးဓာတ်ကြွင်းများပါသော လယ်ယာကုန်စည်များကို ထိုင်းဈေးကွက်တွင် ရောင်းချခွင့်ပြုတော့မည်မဟုတ်ရာ နောက်ဆက်တွဲအကျိုးဆက်များမှာ ထိုင်းပြည်တွင်းသာမက ထိုင်းက တင်သွင်းနေသော ကုန်စည်အားလုံးအပေါ် သက်ရောက်လာမည်ဖြစ်သည်။

စက်မှုလုပ်ငန်းဝန်ကြီး Suriya Juangroongruangkit ကလည်း “အခုချိန်မှာ ဂလိုင်ဖိုစိတ်ကို ပိတ်ပင်လိုက်မယ်ဆိုရင် ဘတ်ငွေ ဘီလျံပေါင်းမြောက်များစွာ ဆုံးရှုံးမှာ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ ဘရာဇီးဆီက ပဲပုပ်တင်သွင်းမှု ပြုလုပ်နိုင် တော့မှာ မဟုတ်လို့ပါ” ဟုပြောသည်။ ထိုင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆန်တင်ပို့မှု ဒုတိယအများဆုံးအဖြစ်

အိန္ဒိယ၏နောက်တွင် ရပ်တည်နေပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှာ နိုင်ငံဂျီဒီပီ၏ ရှစ်ရာခိုင်နှုန်း ကျော်ကို အထောက်အပံ့ပြုနေသည်။ အင်္ဂါနေ့က ဘန်ကောက်မြို့ အစိုးရရုံးရှေ့တွင် တောင်သူ ၂၀၀၀ ခန့်စုရုံးပြီး အစီအစဉ်ကို ကန့်ကွက် ဆန္ဒပြခဲ့ကြသည်။ အစိုးရအနေဖြင့် ဆေးဝါးများအန္တရာယ်ရှိကြောင်း လုံလောက်သောသိပ္ပံအထောက်အထားနှင့် အစားထိုးအသုံးပြုရန်ဆေးဝါး မရှာဖွေနိုင် သေးသရွေ့ အစီအစဉ်ကို ဆိုင်းငံ့ထားရန် တောင်သူများကတောင်းဆိုခဲ့သည်။

လယ်ယာသုံးဆေးဝါးပိတ်ပင်ခြင်းက တောင်သူအိမ်ထောင်စု နှစ်သန်းအထိ ထိခိုက်ကာ သီးနှံစိုက်စရိတ်ကို သုံးဆအထိမြင့်တက်စေပြီး စုစုပေါင်း လယ်ယာကုန်စည် ထုတ်လုပ် မှု ကို ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျော့ကျစေလိမ့်မည်ဟု Mr Charuk က ပြောသည်။ အသက် ၇၂ နှစ်အရွယ် သစ်သီးဝလံတောင်သူ Watsan Pipattanasukon က "အစိုးရက ပြောင်းသုံးခိုင်းတဲ့ ပေါင်းသတ်ဆေးဟာ ပါရာကွက်ထက် ပိုကုန်ကျပြီး ထိရောက်မှုလည်း လုံးဝမရှိပါဘူး။ အဲတာကို စမ်းသုံးကြည့်ပြီးပါပြီ။ အကယ်၍ ပါရာကွက်ကို ပိတ်ပင်လိုက်ရင် ဒီလုပ်ငန်း ဆက်မလုပ်နိုင်တော့မှာ စိုးရိမ်နေပါတယ်" ဟု The Straits Times သတင်းဌာနကိုပြောသည်။ "ကျွန်တော် ပါရာကွက်သုံးလာတာ ဆယ်စုနှစ်များစွာရှိပါပြီ။ ဘာကင်ဆာမှမဖြစ်ပါဘူး။ ဘာရောဂါမှမဖြစ်ပါဘူး။ အစိုးရအနေနဲ့ ပိတ်ပင်မှုမလုပ်ခင် တောင်သူတွေဘယ်လိုလုပ်နေကြသလဲဆိုတာ အရင်မေးမြန်းသင့်ပါတယ်" ဟု ၎င်းကပြောသည်။

**Source:** https://www.facebook.com/myanmaawba/?ref=page_internal

## အနာဂတ်(၁၀)နှစ်အတွင်းတရုတ်နိုင်ငံသည် တစ်ကမ္ဘာလုံးအကြီးဆုံး အပျော်စီးသင်္ဘော ခရီးသွားဈေးကွက်တစ်ခုဖြစ်လာနိုင်



လက်ရှိ နိုင်ငံတကာအပျော်စီးသင်္ဘောခရီးသွားလာမှု တစ်နေ့ထက်တစ်နေ့ တရုတ်ပြည်သူပြည်သားများ၏ နှစ်သက်မှုကို ရရှိလျက်ရှိပါသည်။ တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာန ဝန်ဆောင်မှုကုန်သွယ်ရေးနှင့်ကုန်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဌာန ဒုတိယလှည့်လည်စစ်ဆေးသူမှ ဒုတိယအကြိမ်မြောက် တရုတ်နိုင်ငံ နိုင်ငံတကာသွင်းကုန် ကုန်စည်ပြပွဲ၏ နိုင်ငံတကာအပျော်စီးသင်္ဘောဝန်ဆောင်မှု ကုန်သွယ်ရေး ထိပ်သီးဖိုရမ်တွင် အနာဂတ် (၁၀)နှစ် အတွင်း တရုတ်နိုင်ငံမှာ တစ်ကမ္ဘာလုံး အကြီးဆုံးသော အပျော်စီးသင်္ဘော ခရီးသွားလာရေးဈေးကွက်တစ်ခုဖြစ်လာနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ကိန်းကဏန်းဖော်ပြချက်များအရ ၂၀၀၀ ခုနှစ်မှ စတင်ကာ တရုတ်နိုင်ငံ အပျော်စီးသင်္ဘော ခရီးသည်တင်ပို့မှုပမာဏမှာ နှစ်စဉ် ၄၀%အထက်သို့ မြင့်တက်လျက်ရှိကာ လက်ရှိအသုံးပြုနေသော နိုင်ငံတကာအပျော်စီးသင်္ဘောဆိပ်ကမ်း (၁၅) ခုရှိပြီး ၂၀၁၈ခုနှစ်တွင်အပျော်စီး သင်္ဘောပေါင်း (၉၇၆) စင်းကို ဧည့်ခံပေးနိုင်ခဲ့ပြီးပြည်ဝင်ပြည်ထွက်အပျော်စီးသင်္ဘောခရီးသည်ဦးရေ (၄၈.၈၇)သိန်းကို ဧည့်ခံပေးနိုင်ခဲ့ကာ တရုတ်နိုင်ငံမှာ တစ်ကမ္ဘာလုံး ဒုတိယအကြီးဆုံးသော အပျော်စီးသင်္ဘောခရီးသည်အရင်းအမြစ်ဈေးကွက်ဖြစ်လာပါသည်။ ပိုမိုများပြားသော နိုင်ငံတကာအပျော်စီးသင်္ဘောကုမ္ပဏီများမှာ ခေတ်အမီဆုံးသော၊ အကောင်းဆုံးသော အပျော်စီးသင်္ဘောကို တရုတ်နိုင်ငံဈေးကွက်တွင် လာရောက်စီစဉ်လျက် ရှိပါသည်။ ယခုနှစ်ပိုင်း တရုတ်နိုင်ငံအစိုးရမှ အပျော်စီးသင်္ဘောထုတ်လုပ်မှု လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ခြင်း လုပ်ဆောင်ချက် စီးရီးကိုထုတ်ပြန်ခဲ့ပြီး နောက်တစ်ဆင့်တွင် တရုတ်နိုင်ငံမှာ ဝန်ဆောင်မှုကုန်သွယ်ရေး တီထွင်ဆန်းသစ်မှုဖွံ့ဖြိုးတိုးတက်ခြင်း စမ်းသပ်ချက်များကို ဆက်လက်နက်ရှိုင်းသွားစေမည်ဖြစ်ကာ အပျော်စီးသင်္ဘောဝန်ဆောင်မှု ကုန်သွယ်ရေးပါဝင်သည့် ဝန်ဆောင်မှုကုန်သွယ်ရေးလုပ်ငန်းအခြေအနေသစ်၊ ပုံစံသစ်များကို ထောက်ခံအားပေး မြှင့်တင်ပေးသွားမည်ဖြစ်သည်။ တရုတ်နိုင်ငံဝန်ဆောင်မှုကုန်သွယ်ရေး အရည်အသွေးမြင့်ဖွံ့ဖြိုးတိုးတက်ခြင်းကို မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း သိရပါသည်။

**Source:** www.chinanews.com

https://www.facebook.com/shweliayarnews/

## ထိုင်းသရက်သီးများ မြဝတီနယ်စပ်ဂိတ်ဝမှတစ်ဆင့် ပြည်တွင်းသို့ဝင်ရောက်



ထိုင်းနိုင်ငံမှ သရက်သီးများကို မဲဆောက်၊ မြဝတီ နယ်စပ်ဂိတ်ဝမှတစ်ဆင့် ဝင်ရောက်လာပြီးပြည်တွင်းသို့ တင်ပို့နေကြောင်းသိရသည်။ "သရက်သီးက အောက်တိုဘာလကစပြီး ထိုင်းဘက်မှာ သရက်ကင်းအဖြစ်ထွက်ရှိပြီး ပြည်တွင်းကို ဝင်ရောက်လာခဲ့တယ်။ သရက်ကင်းက မဲဆောက်မှာ ၁ ကီလို ၁၈ ဘတ် ဝယ်ရတယ်။ အခုသရက်ကင်းတွေ ဝင်ရောက်နေသလို သရက်သီးအလုံးကြီးတွေလည်း ဝင်လာနေတယ်။ သရက်သီးအလုံးကြီးက ၁ ကီလိုကို ခြောက်ဘတ်ဝယ်ရတယ်။ သရက်သီးအလုံးကြီးတွေကို နိုဝင်ဘာလကတည်းက ဝယ်ယူတင်သွင်းနေပါတယ်။ ချစ်ကြည်ရေးတံတားပေါ်က တရားဝင်တင်သွင်းတာဖြစ်ပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ မြန်မာပြည်အနှံ့မြို့ကြီးတွေကို ပို့ဆောင်ပေးပါတယ်။ တစ်နေ့ကို ကျပ်သိန်း ၅၀ ဖိုးလောက်အထိ ပို့ဆောင်ပေးနေရပါတယ်"ဟု သီးနှံများအား ရာသီအလိုက် ထိုင်းနိုင်ငံမှ ပြည်တွင်းသို့ ဝယ်ယူတင်သွင်းနေသည့် လုပ်ငန်းရှင် ဦးကံထွန်းကပြောသည်။

မြန်မာပြည်တွင် ယခုအချိန်၌ သရက်သီးအကင်း အဖြစ်မထွက်သေးခင် အချိန်ကာလအတွင်း ထိုင်းနိုင်ငံတွင် စိုက်ပျိုးမှုနည်းစနစ်များ ခေတ်မီမှုကြောင့် သရက်ကင်း၊ သရက်သီးစိမ်းနှင့် သရက်သီးအမှည့်များပါ ထွက်ရှိနေပြီး သရက်သီးအစိမ်းများမှာ ပြည်တွင်းသို့ များစွာတင်ပို့နေကြောင်းသိရသည်။ "သရက်သီးစိမ်းက ပြည်တွင်းမှာ အသုံးများတယ်။ အဓိကက သရက်ချဉ်လုပ်ပြီး သရက်ချဉ်သုပ်အဖြစ် အလှူပွဲတွေမှာအသုံးများကြတယ်။ ပြီးတော့ သရက်ချဉ်ပေါင်းလုပ်ပြီး နိုင်ငံအနှံ့ ဈေးသည်တွေကရောင်းကြတယ်။ ကိုယ့်နိုင်ငံမှာ သရက်ပင်တွေက အဖူးတောင်မထွက်ကြသေးဘူး။ ထိုင်းမှာက အလုံးတွေကြီးကုန်ပြီ။ ဘယ်လိုစိုက်လဲတော့မသိဘူး" ဟု ဒေသခံတစ်ဦးကပြောသည်။

**Source:** https://myanmar.mmtimes.com/news/132018.html

## Thura News Views

**First phase of power plan will be done by 2021**

Myanmar will complete the first phase of its sweeping National Electrification Plan (NEP) by 2021, according to the public Electricity Supply Enterprise (ESE). It will be the first step towards the government's goal of total nationwide electrification by 2030.

ESE managing director U Saw Win Maung told the Myanmar Times that by the end of next year, 5000 new villages will have been connected to the national grid. Eight hundred villages have already been connected by private contractors since the government awarded its first round of NEP tenders.

Currently, only around 60 percent of Myanmar households have access to the national power grid. When the National League for Democracy took power in 2015, it promised total electrification by 2030. That will require upping Myanmar's generating capacity fourfold to around 25 megawatts per year. Hydro-power, which accounts for more than half of Myanmar's power, will continue to be a major source of energy. However liquid natural gas (LNG) will also play a significant role, especially in the short term. The government has recently awarded emergency tenders to foreign LNG suppliers in an effort to fill demand for power in the coming dry season.

Development of the NEP has been mired in politics and has actually been influenced by several "master plans" from organizations like the Asia Development Bank and the Japan International Cooperation Agency. It will

require an estimated USD 30 billion in investment, USD 400 million of which has already come from an interest-free loan by the World Bank.

**China eyes Myanmar bananas**

China may soon ink a new banana trade deal. Deputy Minister of Commerce U Aung Htoo announced that the two country's are in talks to sign an agreement for China to import large quantities of Myanmar bananas, adding that fruit to the list of high-volume agriculture products China already buys from its southern neighbor.

"Two experts from China recently conducted a field study in Myanmar regarding banana export and both countries intend to sign a memorandum of understanding for the official exports of bananas from Myanmar to China," the Myanmar Times quoted U Aung Htoo as saying. The official was speaking at a session of the Upper House.

China is the largest trade partner for Myanmar agriculture products, which are in turn its primary export. However, demand from China has been somewhat fickle this year, with prices wavering recently for products such as water-melons and cattle. On the other hand, both countries have made steps to secure higher and more consistent trade. A Chinese state-owned enterprise recently announced plans to invest USD 130 million in three agricultural centers in Myanmar. Earlier this year, China signed an MOU to import 250,000 tonnes of Myanmar rice.

Bananas may be only the start, said U Aung Htoo: "We have held talks with the General Administration of Customs of the People's Republic of China for official exports of banana, avocado, pear, lime, pineapple, pomelo, roselle, cardamom, white jute, gum tragacanth, and elephant foot yam to China."

**Gwa, Rakhine, slated for beach resort**

A local developer is requesting permission to build a luxury beach resort in Gwa, Rakhine State, that could help establish a new tourism destination to the western coast.

The locally-owned Sea Lion Group has proposed the new "eco resort" for Ma Kyay Ngu Beach, roughly 150 kilometers south of Ngapali Beach, Rakhine State's most popular tourist locale, reported the Myanmar Times. The 20-hectare complex would include an 80-room hotel, shopping center, an arrival jetty and infrastructure for water sports. The project will require an estimated USD 4.9 million.

"We are expecting investors. We have no objection for such a big project with huge investment value at our beach, as long as it is in line with rules and regulations," U Aung Kyaw Zan, Rakhine State Minister for Electricity, Industry and Transportation, told the Myanmar Times.

Currently, the Sea Lion Group has merely purchased the land and is working to have it properly re-zoned by state and township authorities. The success of the resort would partially depend on the completion of the Gwa Bridge, a 1300-foot long bridge meant to connect Rakhine State and Ayeyarwady Region. The bridge is set to be completed next year. Along with the bridge, the government is planning an ambitious project called "The Orbit" that will establish hotels, restaurants and other tourism developments on an area of coast stretching from Nga Yote Kaung, Ayeyarwaddy Region, to Gwa, Rakhine State.

**Shareholders seek to dump largest bus operator**

Investors in Yangon's largest public bus company want the government to buy back their shares. Around 200 investors in the Yangon Urban Public Transportation Company (YUPT) have called on the Yangon Region

TIR

Government to acquire their shares, dissatisfied with the company's leadership and disappointing profits.

YUPT General Manager U Maung Maung Lwin told the Myanmar Times: "As far as I know, nearly 200 shareholders want to sell their shares back to the company. YUPT has 289 share holders who [have] invested a total of MMK 5 billion at MMK 100,000 per share."

With around 900 buses, YUPT is the largest bus operator under the Yangon Bus Service, the aegis for public transportation in Yangon. According to U Maung Maung Lwin, the regional government has provided MMK 35 billion of the company's MMK 40.6 billion paid-up capital.

Investors blame the company's poor performance on its leadership. Fed up with its chairman and board of directors, whom many believe lack experience in the transportation industry, shareholders cancelled a meeting scheduled for October and called on the government to select new leadership as soon as possible.

**Source: Thura Swiss News (Issue 394 December 05, 2019)**

## STOCK EXCHANGE (6.12.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 6th Dec. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 2,096 | 24,104,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,900 | +50 | +1.30% | 3,900 | 3,900 | 3,900 | 714 | 2,784,600 | 38,929,150 | 151,824 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 5 | 41,500 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 550 | 12,650,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 48 | 139,200 | 12,823,224 | 37,187 |

### Market summary

As of 6th Dec. 2019

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 470.30 | +1.42 | +0.30% | 470.30 | 470.30 | 470.30 | 3,413 | 39,719,300 | 5 | 643,993 |

**Index chart**



## Market Overview

As of 1:00 pm, 6th Dec. 2019

| MYANPIX | 470.30 ▲ 1.42 |
|---|---|
| Total Volume (shares) | 3,413 |
| Total Value (MMK) | 40 mil |
| Listed Company | 5 |
| Market Cap. (MMK) | 643,993 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,900 | ▲ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |

TIR